မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

June 24 , 2022 Volume 55, Number 18

၂၄.၆.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၁၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၂.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၇၅.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၉.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၃၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၁၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပဈေးကွက်အဝယ်သွက်နေသဖြင့် ပြည်တွင်းဈေးကွက်တွင် ရော်ဘာဈေးနှုန်း မြင့်တက်လာ



Source: ရတနာပုံသတင်းစာ

ပြည်ပဈေးကွက် အဝယ်သွက်နေသဖြင့် ရော်ဘာပိုမိုတင်ပို့ရောင်းချပေးနေရပြီး ပြည်တွင်းဈေးကွက်များတွင် ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

ပြည်ပဈေးကွက်များ အဝယ်သွက်နေသဖြင့် မြန်မာ့ရော်ဘာများကို လစဉ် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ ဧပြီလတွင် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၁၇ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၇၁၁၁ တန် တင်ပို့ရောင်းချပေးခဲ့ရပြီး မေလတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄၃၇ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၀၇၄၀ တင်ပို့ရောင်းချပေးခဲ့ရသောကြောင့် မေလအတွင်း ရော်ဘာတန်ချိန် ၃၆၂၉ တန် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၂ သန်း ပိုမိုရရှိခဲ့ကြောင်းသိရသည်။

မေလအတွင်းတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၉၄၆ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၇၉၆၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၉၁ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၇၈၀ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄၃၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၀၇၄၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပြည်ပဈေးကွက် အဝယ်သွက်နေသဖြင့် ရော်ဘာများကို ပိုမိုတင်ပို့ရောင်းချပေးနေရသောကြောင့် ပြည်တွင်းဈေးကွက်များတွင်လည်း ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်းသိရသည်။

ထို့ကြောင့် ဇွန်လပထမပတ်မှစ၍ လက်ရှိအချိန်ထိ တနင်္သာရီတိုင်းဒေသကြီး ရော်ဘာဈေးကွက်များတွင် RSS-3 ရော်ဘာအမျိုးအစားတစ်ပေါင်လျှင် ငွေကျပ် ၁၃၅၀၊ RSS-5 အမျိုးအစား ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၂၅၀ ထိ ပေါက်ဈေးဖြစ်လာခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ရော်ဘာများကို ရန်ကုန်မြို့ပွဲရုံများမှ တစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချပေးနေကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ခန့် ဈေးနှုန်းမြင့်တက်

ရေဦးဘက်မှ ထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း ကုန်စည်လက်ကျန်နည်းပါးလာမှုကြောင့် ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိတွင် ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်နည်းပါးလာမှုကြောင့် ဈေးနှုန်းများအတက်ဘက်သို့ ပြန်လည်ရောက်ရှိလာပြီး အရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ “ရေဦးဘက်ကထွက်တဲ့ပဲပုပ်ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ် ကောင်းနေတယ်။ ပြည်ပကနေပြီးတော့ ပြည်တွင်းကထွက်ရှိတဲ့ပဲပုပ်ကို မှာယူမှုကတော့ တော်တော်လေးနည်းတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ ဇွန်လပထမပတ်က ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်သာ ရှိခဲ့သော်လည်း ယနေ့(ဇွန်-၂၃)ပေါက်ဈေးအရ ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ခန့်ဈေးရှိပြီး ငွေကျပ် ၃၀၀၀၀ ခန့် ဈေးနှုန်းပြန်လည်မြင့်တက်လာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ပဲပုပ်(ရှမ်း)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန် အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲပုပ်(ရှမ်း)အမျိုးအစားမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပုသိမ်မြို့နယ်တွင် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ဒေသထွက် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်း ရရှိလာကြောင်း ပုသိမ်မြို့ရှိ မျှင်ငါးပိရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ပုသိမ်မြို့နယ်တွင် မျှင်ငါးပိများကို ဇွန်လပထမပတ်မှစ၍ ဝယ်ယူမှုကောင်းလာကြောင်း၊ မေလက မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိသာဈေးရှိပြီး ဇွန်လပထမပတ်မှ ယနေ့(ဇွန်-၂၃)ထိ မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်းသိရသည်။

“ဒေသထွက် မျှင်ငါးပိတွေကလူအများ ကြိုက်နှစ်သက်ပါတယ်။ မကြာမီ မျှင်ငါးပိထုတ်လုပ်တဲ့ လုပ်ငန်းကို ရပ်နားတော့မှာဖြစ်ပါတယ်။ မျှင်ငါးပိထုတ်လုပ်တဲ့လုပ်ငန်းမှာ အဓိကကုန်ကြမ်းဖြစ်တဲ့ မျှင်ကောင်တွေက မိုးကာလဆိုရရှိမှု နည်းပါးလာလို့ ရပ်နားရတာဖြစ်ပါတယ်။ မျှင်ငါးပိလုပ်ငန်းတွေ ရပ်နားဖို့နီးလာတာနဲ့အမျှ မျှင်ငါးပိဈေးကလဲ ကောင်းမွန် လာတာဖြစ်ပါတယ်။ မေလက မျှင်ငါးပိတစ်ပိဿာကို ငွေကျပ် ၄၅၀၀ ဈေးပဲရှိခဲ့တာဖြစ်ပြီး လက်ရှိ မျှင်ငါးပိတစ်ပိဿာကို ငွေကျပ် ၈၀၀၀ ထိ ဈေးကောင်းရရှိနေလို့ အဆင်ပြေပါတယ်” ဟု ပုသိမ်မြို့မှ မျှင်ငါးပိရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဌေးဌေးဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် မျှင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင် ၁၉ ဦးရှိကြောင်း၊ မိုးကာလတွင် ပင်လယ်ပြင်၌ ဆားငန်ဓာတ်နည်းသဖြင့် ကမ်းနီးပင်လယ်ပြင်တွင် မျှင်ကောင်များ မရရှိသောကြောင့် မျှင်ငါးပိထုတ်လုပ်သည့်လုပ်ငန်းကို ရပ်နားခဲ့ပြီး ပွင့်လင်းရာသီတွင် ပြုလုပ်ထားသည့် မျှင်ငါးပိများကို ထုတ်လုပ်ရောင်းချနေကြောင်း သိရသည်။

“မျှင်ငါးပိလုပ်ငန်းက ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မျှင်ငါးပိလုပ်ငန်းတစ်ခုမှာ လုပ်သားငါးယောက် ကနေ ရှစ်ယောက်ထိ အလုပ်အကိုင်ရရှိပါတယ်။ မျှင်ငါးပိထုတ်လုပ်တဲ့လုပ်ငန်း ယာယီရပ်နားထားပေမဲ့ လုပ်သားတွေကိုတော့ ထုတ်လုပ်ထားတဲ့ မျှင်ငါးပိရောင်းချရေးလုပ်ငန်းမှာ ဆက်လက်အသုံးပြုလုပ်ကိုင်နေပါတယ်” ဟု ပုသိမ်မြို့မှ မျှင်ငါးပိထုတ်လုပ် ရောင်းချသည့် လုပ်ငန်းရှင် ဒေါ်ဌေးဌေးဝင်းက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဘင်္ဂလားဒေ့ရှ်သို့ ရေချိုထွက်ကုန်တင်ပို့မှုဈေးကွက်ရရှိထား၍ ရခိုင်ပြည်နယ်၌ ရေချိုငါးမွေးမြူရေးကဏ္ဍ ဦးတည်ဆောင်ရွက်နေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုထွက်ကုန်တင်ပို့မှုဈေးကွက်ရရှိထားသောကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနတို့၏ နည်းပညာနှင့်အရင်းအနှီးဖြည့်ဆည်းမှုဖြင့် ပြည်နယ်ရေချိုငါးမွေးမြူရေးကဏ္ဍကို ဦးတည်ဆောင်ရွက်နေကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောနှင့် စစ်တွေနယ်စပ်ကုန်သွယ်ရေးဂိတ်နှစ်ခုမှ ဘင်္ဂလားဒေ့ရှ်သို့ ငါးမြစ်ချင်း၊ ငါးပါးနီ၊ ငါးမုတ်မဲ၊ ငါးသလောက်၊ ကျောက်ပုစွန်၊ ငါးစုံကလေးခြောက်၊ ငါးနီတူခြောက်၊ ငါးကုန်းညိုခြောက်၊ ငါးနုပ်ခြောက်၊ ကင်းမွန်ခြောက်၊ ငါးကွမ်းရှပ်၊ ရေငန်ငါး၊ ပုစွန်၊ ရွှံ့ကဏန်း၊ ကဏန်းပျော့နှင့် ခုံးအစိုစသည့် ရေထွက်ကုန်များကို တင်ပို့လျက်ရှိသည်။

“ပြည်နယ်မှာရေချိုငါးမွေးကန် ဧက ၅၀၀ ခန့်ရှိပြီး ဘင်္ဂလားဒေ့ရှ်ကို ရေချိုငါးတင်ပို့တဲ့ဈေးကွက် ရှိနေတာကြောင့် ရေချိုငါးမွေးမြူရေးကဏ္ဍကိုဦးတည်ပြီး ဆောင်ရွက်နေတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ၊ ဒီရေတောတွေကို ခုတ်ထွင်ခြင်းမပြုဘဲ ပုစွန်၊ ကဏန်းမွေးမြူနိုင်တဲ့ Mangrove Friendly Farming System ကို ဆောင်ရွက်သွားမယ်။ ဒီဟာမျိုးဧက ၁၀၀၀ ကို ဖော်ထုတ်ဖို့ နှစ်နှစ်စီမံကိန်းနဲ့ ဆောင်ရွက်နေပါတယ်။ ပြည်နယ်အစိုးရဘတ်ဂျက်နဲ့ မင်းပြားမှာ ရေချိုငါးသားဖောက်စခန်းအသစ်တစ်ခု တည်ဆောက်ပြီးဖြစ်တဲ့အတွက် လာမည့်သားဖောက်ရာသီမှာ လုပ်ငန်းစတင်ပါ့မယ်။ သားဖောက်စခန်း ပတ်ဝန်းကျင်မှာလဲ မွေးမြူရေးဇုန်တစ်ခုပေါ်ထွန်းလာဖို့အတွက် ဧက ၁၀၀၀ ဆောင်ရွက်နေတာလဲရှိပါတယ်” ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ပြောပြသည်။

ရခိုင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် ကုန်တန်ချိန် ၁၁၃၆၂ ဒသမ ၉၇ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၈၇ သန်းရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ် ဇွန် ၁၁ ရက်ထိ ကုန်တန်ချိန် ၂၇၁၁ ဒသမ ၈၀ တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၃၇၈ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အခွန်အရပ်ရပ်ကောက်ခံရရှိငွေ ကျပ် ३७०५७३ သန်း ကောက်ခံရရှိ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အခွန်အရပ်ရပ်ကောက်ခံရရှိငွေကျပ် ३७०५७३ သန်း ကောက်ခံရရှိခဲ့ကြောင်း ပြည်တွင်းအခွန်ဦးစီးဌာန၏(ယာယီ)ထုတ်ပြန်ချက်ကို ကိုးကားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအဖွဲ့မှ ထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း အခွန်ကောက်ခံရရှိမှုအနေဖြင့် အထူးကုန်စည်ခွန် ကျပ်၉၄၆၅၇ သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၁၆၁၃၈၈ သန်း၊ ဝင်ငွေခွန် ကျပ် ၁၀၄၅၈၄ သန်း၊ တံဆိပ်ခေါင်းခွန် ၇၇၀၉ သန်း၊ အောင်ဘာလေသိန်းဆုခွန် ၇၆၈ သန်း စသည်တို့ကို ကောက်ခံရရှိခဲ့ကြောင်းသိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း အခွန်ကောက်ခံရရှိမှုအနေဖြင့် အထူးကုန်စည်ခွန် ကျပ် ၄၇၅၉၂ သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၉၈၈၆၇ သန်း၊ ဝင်ငွေခွန် ကျပ်၂၅၇၉၀၂ သန်း၊ တံဆိပ်ခေါင်းခွန် ၉၉၃၁ သန်း၊ အောင်ဘာလေသိန်းဆုခွန် ၂၃၇၄ သန်း စသည်တို့ကို ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အခွန်အရပ်ရပ်ကောက်ခံရရှိမှု စုစုပေါင်း ၄၇၄၅ ဒသမ ၇၃၂ ဘီလျံရရှိခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန(IRD)၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။

နှစ်အလိုက် ပြည်ထောင်စု၏အခွန် ကောက်ခံရရှိမှုအခြေအနေကို လေ့လာကြည့်ပါက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၁၆၉၁၄၂၉ ဒသမ ၇၆၆ သန်း၊၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ३३७३၂၉၆ ဒသမ ၇၆၁ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၄၄၅၈၇၇၆ ဒသမ ३၅၁ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၆၅၁၇၉၇၉ ဒသမ ३၆၈ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၆၁၁၄၇၃၃ ဒသမ၆၅၇ သန်း၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ၇၁၂၂၄၃၀ ဒသမ ၂၂၈ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်

၇၄၂၇၇၂၄ ဒသမ ၉၈၄ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီမှစက်တင်ဘာအထိ ကြားကာလခြောက်လတွင် ကျပ် ၃၄၂၄၂၀၆ ဒသမ ၈၃၂ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၈၃၆၀၃၀၃ ဒသမ၅၆၈ သန်း ရရှိခဲ့သည်။

နှစ်စဉ် ဝင်ငွေခွန်ရငွေစာရင်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန် ကျပ် ၃၃၇၉ ဘီလျံကျော်ရရှိခဲ့ပြီး ယခင်နှစ်ထက် ကျပ် ၆၈၇ ဘီလျံ ပိုမိုရရှိခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနကို ကိုးကားပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ ထုတ်ပြန်ထားသည်။

နှစ်စဉ် အထူးကုန်စည်ခွန် ရငွေစာရင်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာအထိ ကျပ် ၁၂၆၆၉၁၂ ဒသမ ၄၂ သန်း၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာအထိ ကျပ် ၁၄၂၉၁၂၀ ဒသမ ၇၅ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီ မှ စက်တင်ဘာလအထိ ၆၀၄၉၂၄ ဒသမ ၂၄ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဧပြီမှမတ်လအထိကျပ် ၁၂၄၀၂၁၄ ဒသမ ၁၁ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီမှမတ်လတွင် ကျပ် ၉၉၄၂၃၅ ဒသမ ၇၃ သန်း ရရှိခဲ့ကြောင်း ဖော်ပြထားသည်။

နှစ်အလိုက် ကုန်သွယ်လုပ်ငန်းခွန်ရငွေစာရင်းအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီမှမတ်လအထိ ကျပ် ၁၈၇၇၈၅၁ ဒသမ ၇၇ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီမှ မတ်လအထိ ကျပ် ၁၉၇၄၆၉၉ ဒသမ ၁၃ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလအထိ ကျပ် ၉၂၀၆၁၈ ဒသမ ၁၄ သန်း၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလအထိ ကျပ် ၂၂၅၆၇၇၀ ဒသမ ၂၀ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလအထိ ကျပ် ၂၁၁၀၁၈၇ ဒသမ ၂၁ သန်းရရှိခဲ့ကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနကို ကိုးကားပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/232881

## ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် စားသုံးသူဈေးဆနှုန်း (CPI) ၁၈၆ ဒသမ ၈၂ ဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၄ ရာခိုင်နှုန်းဝန်းကျင် မြင့်တက်

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် စားသုံးသူဈေးဆနှုန်း (CPI) ၁၈၆ ဒသမ ၈၂ ဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ် ကာလတူထက် ၁၄ ရာခိုင်နှုန်းဝန်းကျင် မြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှထုတ်ပြန်သည့် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေအရသိရသည်။

၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ် မတ်လတွင် ၁၅၀ ဒသမ ၁၃ ရှိခဲ့ရာမှ တဖြည်းဖြည်းပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် ၁၆၁ ဒသမ ၇၂ ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၁၆၁ ဒသမ ၃၃ ရှိခဲ့သည်။ ဇွန်လတွင် ၁၆၀ ဒသမ ၉၈ ရှိခဲ့ပြီး ဒီဇင်ဘာလတွင် ၁၆၂ ဒသမ ၉၄ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ၁၆၂ ဒသမ ၅၃ ဖြစ်ပေါ်ခဲ့သည်။

၂၀၂၁ ခုနှစ် ဇွန်လတွင် ၁၇၀ ဒသမ ၁၃၊ ဇူလိုင်လတွင် ၁၇၁ ဒသမ ၆၃၊ ဩဂုတ်လတွင် ၁၇၂ ဒသမ ၉၂၊ စက်တင်ဘာလတွင် ၁၇၄ ဒသမ ၉၇၊ အောက်တိုဘာလတွင် ၁၇၉ ဒသမ ၂၀၊ နိုဝင်ဘာလတွင် ၁၈၁ ဒသမ ၇၂၊ ဒီဇင်ဘာလတွင် ၁၈၃ ဒသမ ၅၁ အထိ မြင့်တက်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ၁၈၄ ဒသမ ၈၉၊ ဖေဖော်ဝါရီလတွင် တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၈၆ ဒသမ ၈၂ အထိ ရှိလာခဲ့သည်။

တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြောင်းလဲတွက်ချက်တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း ၃၂၆၆၉ ကို စစ်တမ်းကောက်ယူခဲ့ကြောင်းသိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စစ်တမ်းကောက်ယူရာတွင် ကုန်ပစ္စည်းအမျိုးအစားများမှာ အများသုံးစွဲသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားပေါင်း ၄၃၈ မျိုးပါဝင်ကြောင်းသိရသည်။ စားသုံးသူဈေးဆနှုန်း တွက်ချက်ရန်အတွက် အစားအစာအုပ်စုတွင် ကုန်ပစ္စည်း ၁၀၈ မျိုးနှင့် အစားအစာမဟုတ်သော အုပ်စုတွင် ကုန်ပစ္စည်းအမျိုးအစား ၁၆၆ မျိုးရွေးချယ်ခဲ့ပြီး စုစုပေါင်း ၂၇၄ မျိုးသို့ တိုးချဲ့ကောက်ယူ

တွက်ချက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ထားမှုအရသိရသည်။

**Source:** https://news-eleven.com/article/232878

## ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်အထိ ခုနှစ်လတာအတွင်း GACC ၌ မှတ်ပုံတင်ရန် လျှောက်ထားသည့် ကုန်ပစ္စည်းပေါင်း ၁,၄၀၀ ကျော်ရှိ

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်အထိ ခုနှစ်လတာအတွင်း တရုတ်နိုင်ငံ The General Administration of Customs of the People's Republic of China- GACC (GACC) ၌ မှတ်ပုံတင်ရန်လျှောက်ထားပြီးသည့် ကုန်ပစ္စည်းပေါင်း ၁,၄၀၀ ကျော်ရှိပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမင်းမင်းက ဆင်ဟွာသို့ ယနေ့ ဇွန် ၂၃ ရက်တွင် ပြောသည်။

ဦးမင်းမင်းက "GACC မှာ မှတ်ပုံတင်လျှောက်ထားပြီးတဲ့ ကုန်ပစ္စည်းပေါင်းက ၁,၄၀၀ ကျော်ပါပြီ။ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ကနေ ဆောင်ရွက်နေတာပါ။'' ဟုပြောသည်။ လျှောက်ထားသည့် ကုန်ပစ္စည်းများမှာ စိုက်ပျိုးရေး ထွက်ကုန်များ၊ ရေထွက်ကုန်လုပ်ငန်းများ၊ မွေးမြူရေးထုတ်ကုန်လုပ်ငန်းများ၊ တခြားကုန်ပစ္စည်းများနှင့် အစားအသောက် ထုတ်လုပ် တင်ပို့သည့်လုပ်ငန်းများမှ မှတ်ပုံတင်ရန်လျှောက်ထားကြခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ စားသောက်ကုန်၊ လယ်ယာထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များ တင်ပို့လျက်ရှိသော (သို့မဟုတ်) တင်ပို့ လိုသော မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းများကို တရုတ်နိုင်ငံ GACC တွင် လုပ်ငန်းမှတ်ပုံတင် ခြင်းကို ကုန်သည်အသင်းအဖွဲ့များမှသော်၎င်း၊ ကုန်စည်အုပ်စုအလိုက် ဆက်သွယ်လျှောက်ထားမှုများကို သက်ဆိုင်ရာ Competent Authority များမှ တာဝန်ယူဆောင်ရွက်ပေးနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။

**Source:** https://xinhuamyanmar.com/news/sino-myanmar/nm-22023060013/

TIR

## ပဲစင်းငုံဈေးဆက်တိုက်ကျနေပြီး မတ်ပဲဈေးလည်းပြန်ကျ



https://greenwaymyanmar.com

ဒီတစ်ပတ် ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ဈေးစဖွင့်ကတည်းက အကျဘက်မှာ ရှိနေတဲ့ ပဲစင်းငုံဈေးဟာ ဒီနေ့မှာလည်းထပ်ကျခဲ့ပြီး လေးရက်ဆက်တိုက် ဈေးကျ သွားတာဖြစ်ပါတယ်။

တောက်လျှောက်အတက်ပြနေတဲ့ မတ်ပဲဈေးဟာလည်း ဒီနေ့ (ဇွန်-၂၃) မှာ ပြန်ကျသွားပါတယ်။ လတ်တလောမှာ ဈေးမြင့်နေတဲ့အတွက် ဈေးထိန်းပြီး ပြန်ဝယ်နေတာ ဖြစ်တယ်လို့ AMIA ရဲ့ သတင်းဖော်ပြချက်အရ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်

| | |
|---|---|
| မတ်ပဲ(FAQ/RC) 2022 တစ်တင်း | ၅၁၆၉၀ |
| မတ်ပဲ(SQ/RC) 2021 တစ်တင်း | ၅၇၈၀၀ |
| ပဲစင်းငုံနီ (RC ) 2021 တစ်တင်း | ၄၄၃၇၀ |
| မတ်ပဲ(FAQ/RC) 2022 တစ်တန် | ၁၆၀၇၅၀၀ |
| မတ်ပဲ(SQ/RC) 2021 တစ်တန် | ၁၇၉၇၅၀၀ |
| ပဲစင်းငုံနီ (RC ) 2021 တစ်တန် | ၁၃၈၀၀၀၀ |

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။

**Source:** https://greenwaymyanmar.com/posts/market_price_for_june_23

# STOCK EXCHANGE (24.6.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Jun. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 154 | 1,155,000 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 386 | 1,022,900 | 38,929,150 | 103,162 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 159 | 1,097,100 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 100 | 250,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

## Market summary

As of 24th Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 346.73 | -1.12 | -0.32% | 346.73 | 346.73 | 346.73 | 800 | 3,527,600 | 7 | 603,186 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 24th Jun. 2022

| MYANPIX | 346.73 ▼ 1.12 |
|---|---|
| Total Volume (shares) | 800 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 603,186 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 2,650 | ▼ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |